


http://www.cherrythitsar.org

# မင်းသိခ်

## ဆားပုလင်းနှင်းမောင် နှင့် တစ်ပွဲစားဦးနော အပါအဝင် ဝတ္ထုတိုများ

ဆားပုလင်းနှင်းမောင် နှင့် တစ်ပွဲစားဦးနော


ဆားပုလင်းနှင်းမောင်
နှင့်
တစ်ပွဲစားဦးနော

အရေး ကြီးသော အမှု တစ်ခုအတွက် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်ကာ အမျိုးမျိုးအဖုံဖုံ ရုပ်ဖျက်၍ စုံစမ်းထောက်လှမ်းခြင်းများ ပြုလုပ်ခဲ့လေသည်။ ၎င်းသည် တစ်ခါတစ်ရံ၌ ဗေဒင်ဆရာကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံ၌ လမ်းဘေးအိပ်၊ လမ်းဘေးစား ဂျပိုးတေလေတစ်ဦး ကဲ့သို့လည်းကောင်း စသည်ဖြင့် ဖန်တီးကာ အမှု ၏ သဲလွန်စကိုသာ မဟုတ်ဘဲ တရားခံ၏ အကျိုးကော်လံစကိုပင် ဆွဲကိုင်မိသည့်တိုင်အောင် ကြိုးပမ်းခဲ့လေ၏ ။

ကိုနှင်းမောင်သည် အထက်၌ ဆိုခဲ့သည့်အတိုင်း ရှမ်းပြည်နယ်တောင်ပိုင်း၌ တရားခံကိုစုံစမ်းထောက်လှမ်း၍ ဖမ်းဆီးပြီးလျှင် အင်းစိန်နီအိုင်ဒီသို့ ပြန်လာခဲ့သဖြင့် ကျွန်ုပ်သည် လပေါင်းအတော် ကြာ ခွဲခွာနေရသော ကျွန်ုပ်၏ မိတ်ဆွေကြီးနှင့် စကားဝအောင် ပြောလိုက်မည် ဟု အားခဲကာ ထိုနေ့အဖို့ ပြုလုပ်ဖွယ်ရာရှိသော အခြားကိစ္စများ အား ဘေးသို့ဖယ်၍ နှစ် ယောက် သား အေးချမ်းစွာ စကားပြောလျက်ရှိလေ၏ ။

ကိုနှင်းမောင်၌ ရှမ်းပြည်နယ်မှနေ၍ ပစ္စည်းအထူးအဆန်းကလေးနှစ် ခု ပါ၍ လာလေ၏ ။ ထိုပစ္စည်းများ အား ကျွန်ုပ်၏ စားပွဲပေါ်သို့တင်၍ ကိုနှင်းမောင်က အောက်ပါအတိုင်း ပြောလေ၏ ။

"အိုင်ဆေး အဲဒီ ပစ္စည်းကလေးနှစ် ခုကို ကြည့်စမ်းပါ။ ဘယ်လိုထူးခြားမှု ရှိသလဲ"

ကျွန်ုပ်သည် ကိုနှင်းမောင်ပြသော စားပွဲပေါ်မှ ပစ္စည်းကလေးနှစ် ခုအနက်တစ်ခုအား ကောက်ယူ၍ သေသေချာချာကြည့်ရလေ၏ ။

ပစ္စည်းကလေးမှာ မြင့်အားဖြင့် ၂လက်မခန့်ရှိသော ကြေးဝါဖြင့် ပြုလုပ်ထားသော အရုပ်ကလေးတစ်ခု ဖြစ်လေ၏ ။ လက်တစ်ဖက်တွင် သပိတ်ကဲ့သို့ အရာတစ်ခုကို ပိုက်၍ ထားခြင်းကိုထောက်သဖြင့် ဘုန်းကြီး သို့မဟုတ် ရဟန္တာ၏ ရုပ်တုဟု စဉ်းစားဖွယ်ရာရှိသော် လည်းအခြားတစ်ဖက်မှာ အပြင်သို့ ဆန့်ထုတ်ထားသည့် အပြင် လက်ဝါးပေါ်၌ အလုံးကလေးတစ်လုံး တင်၍ ထားသည်ကို တွေ့ရပြန်၏ ။

၎င်းအလုံးကလေးမှာ လည်း ယခုခေတ် ဓာတ်လုံးဝါသနာပါသူတို့ လက်စွပ်ပြုလုပ်ဝတ်ဆင်သော ဓာတ်လုံးအရွယ်ပမာဏခန့် ရှိလေ၏ ။ ထိုအချင်းအရာကိုထောက်၍ ရဟန္တာ၏ ပုံတော် ဟု ယူဆရန်လည်း မ ဖြစ်နိုင်တော့ပေ။ ဓာတ်လုံးပေးစွန့်သော ရဟန္တာဟူ၍ စာပေတို့၌ မပါရှိသော ကြောင့် ဖြစ်၏ ။

"အဲဒါကို ရှမ်းဘာသာနဲ့တော့"ဖယောင်းနိ" လို့ ခေါ်တယ်ဗျ။ လာဘ်ရွှင်စေတဲ့ ရှေးခေတ်အစီအရင်တစ်ခုပဲ။ ရှားတာ ကတော့ တော် တော် ရှားတဲ့ပစ္စည်းပဲ အိုင်ပီ"

ဟု ကိုနှင်းမောင်က ပြောလေ၏ ။

ထို့ကြောင့် ကျွန်ုပ်သည် ကျန်သော ပစ္စည်းတစ်ခုကို ကောက်ယူကြည့်မိပြန်လေသည်။ ထိုပစ္စည်းမှာ အသွားအားဖြင့် ၇ လက်မခန့်ရှိ၍ အရိုး၌ ကျောက်သံပတ္တမြားများ စီခြယ်ထားသည့် ဓားမြှော င်တစ်လက် ဖြစ်လေ၏ ။ ကျွန်ုပ်သည် အရိုး၌ မြှုပ်နှံစီခြယ်ထားသည့် ကျောက်များ ကို ၁၂ဆချဲ့ မှန်ဘီလူးဖြင့် ကြည့်ရာ ကျောက်များမှာ အတော် အတန်အဖိုးတန်သော ကျောက်များ ဖြစ်သည်ကို တွေ့ ရသည့်အပြင် ကျောက်များ၏ ဘေး၌ မည် းနက်ခြောက်သွေ့လျက်ရှိသော သွေးအစအန အကြွင်းအကျန်ကို တွေ့ ရလေ၏ ။

တစ်ဖန် ဓားမြှော င်၏ အသွားကို ကြည့်ပြန်ရာ မြှော့ချောင်းဟု ခေါ်သည့် တစ်စုံတစ်ခုသော သက်ရှိသတ္တဝါအား ထိုးခုတ်လိုက်ပါက ခန္ဓာကိုယ်အတွင် းသို့ လေဝင်နိုင်စေရန်ပြုလုပ်ထားသော မြောင်းတစ်ခုကို တွေ့ ရလေ၏ ။ ထိုမြှော့ချောင်းခေါ် မြောင်း၏ အထက်၌ ယိုးဒယားပန်းခက်သဏ္ဍာန်များ ကို ရွှေဖြင့် အကွက်ဖော်ထားသည်ကိုလည်း တွေ့ ရလေ၏ ။

ကျွန်ုပ်သည် ဓားအသွားကို ကြည့်ပြီးနောက် အရိုးကို တစ်ဖန်ပြန်၍ စစ်ဆေးကြည့်ရှုပြန်ရာ အရိုးမှာ အများ သူငါ ပြုလုပ်သကဲ့သို့ ကျွဲချို၊ နွားချို၊ ပြောင်ချိုစသည်ဖြင့် မဟုတ်ဘဲ သစ်သားဖြင့် ပြုလုပ်ထားသည်ကိုတွေ့ ရသဖြင့် ၎င်းအရိုးကိုကျွန်ုပ်သည် နှာခေါင်းအနီးသို့ကပ်၍ ကြည့်ရှုရာ ကရမက်ရနံ့သင်းသင်းကို ရရှိလေ၏ ။ တစ်ဖန် အသွား၏

အရင်းပိုင်း၌ ရွှေဖြင့် ရေး ထွင်းထားသော စာတိုကို ကြည့်မိပြန်ရာ "မောင်နှော" ဟူသော စာကိုတွေ့ရ၏ ။ အခြားတစ်ဘက်သို့ လှန်၍ ကြည့်လိုက်သော အခါ၌ "တစ်ပွဲစား" ဟူသော စာကိုပါ တွေ့မြင်ရလေ၏ ။

"ဒါက ဘယ်သူ့ပစ္စည်းလဲဗျ"

ဟု ကျွန်ုပ်က ဓားမြှောင်ကိုကိုင်၍ မေးလိုက်လေ၏ ။

"ပစ္စည်းရှင် ကတော့ စာထဲမှာ ပါတဲ့အတိုင်း "တစ်ပွဲစားမောင်နှော"ပေါ့ဗျာ။ ဒါပေမယ့် ဒီပစ္စည်းက ကြာပြီဗျ၊ ဒီတော့ မောင်နှောတော့ မဟုတ်တော့ဘူး။ ဦးနှော ဖြစ်နေပြီပေါ့။ ဒီဥစ္စာကိုရခဲ့တာက တောင်ကြီးမြို့ လမ်း( ... )က နက္ခတ်ဆရာ ဦးကျော်စိန်ထွန်းဆီကပဲ။ ကျုပ်က ထူးထူးဆန်းဆန်းလေးတွေ ဝါသနာရှိတဲ့အကြောင်း သူသိလို့မို့ ဒီပစ္စည်းကို ကျုပ်လက်ထဲအပ်လိုက်တာဗျို့"

"နေစမ်းပါဦး ကိုနှင်းမောင်။ တစ်ပွဲစားဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ဒီလိုဗျ၊ တံငါမှာ လည်း တစ်ပွဲစား ရှိတယ်။ မုဆိုးမှာ လည်း တစ်ပွဲစားရှိတယ်။ တံငါတစ်ပွဲစားဆိုတာ အင်းတွေ ဘာတွေ လေလံဆွဲတဲ့အခါမှာ တစ်ပွဲစားကို အင်းလေလံဆွဲမယ့်လူက ခေါ်ပြီး အင်းကိုပြရတယ်။ တစ်ပွဲစားက ရေကိုကြည့်ပြီး ဘယ်ငါး ဘယ်အချိန်မှာ ဘယ်လောက်ရမယ်လို့ ပြောနိုင်တယ်။ တံငါလုပ်ငန်းမှာ တစ်ဘက်ကမ်းခတ်ကျွမ်းကျင်သွားတဲ့ လူပေါ့ဗျာ။ အဲဒီ လို တစ်ပွဲစားတွေ ကိုပြတဲ့အခါ အကျွေးအမွေးအစုံအလင်နဲ့ ဧည့်ခံရတယ်။ ဟောဒီ ဓားမြှောင်ပိုင်ရှင် တစ်ပွဲစားဦးနှော ဆိုတာ ကတော့ မုဆိုးကြီးဗျ၊ ဘယ်တောကို ဘယ်အချိန်သွား ဘယ်လိုသားကောင်ရလိမ့်မယ်ဆိုတာ ပြောနိုင်တယ်ဆိုနိုင်တယ်ဆိုပဲ"

"ခင်ဗျားပြောတော့လည်း တစ်ပွဲစားဆိုတာ စိတ်ဝင်စားစရာပါပဲလား"

"ဒီ့ထက်စိတ်ဝင်စားဖို့ကောင်းတာက ဒီဓားမြှောင်ကိုပေးလိုက်တဲ့ ဦးကျော်စိန်ထွန်းက သူ့လက်ထဲကို ဓားမြှောင်ရတဲ့ အချိန်ကို နက္ခတ်နဲ့တွက်ပြီး ဟောချက်တစ်ခု ထုတ်ထားတယ်။ ဒီဓားမြှောင်နဲ့ နောက်ထပ်အမှု တစ်ခု ကျူးလွန်ဦးမယ်ဆိုပဲ"

"နေစမ်းပါဦး။ တစ်ပွဲစားဦးနော့က အခု ဘယ်မှာ ရောက်နေသလဲ"

"ဦးနော့ ဘယ်ရောက်နေတယ်ဆိုတာတော့ မပြောတတ်ဘူး။ ဦးကျော်စိန်ထွန်းပြောပြချက်အရတော့ ဦးနော့ဟာ တောထဲမှာ မုဆိုးလုပ်နေရင်း ဘုရင်တစ်ပါး မြှုပ်နှံထားခဲ့တဲ့ ရွှေငွေရတနာတွေ တူးဖော်ရရှိပြီး ချမ်းသာသွားတယ်ဆိုပဲ"

"ခင်ဗျားပြောတာတွေ ဟာ အဆန်းချည်းပါပဲလား ကိုနှင်းမောင်။ ကဲ ... အိုင်ဆေးကိုနှင်းမောင် လက်ဖက်ရည်လေးဘာလေးသွားပြီး သောက်ကြဦးစို့လား"

ဟု ကျွန်ုပ်ကခေါ်လိုက်ရာ ကိုနှင်းမောင်သည် လုံးဝငြင်းဆန်ခြင်းမပြုဘဲ ထိုင်ရာမှ ငေါက်ခနဲ ထ၍ ကျွန်ုပ်နှင့် လိုက်ပါခဲ့လေတော့၏ ။




( "ဖယောင်းနံ" ရုပ်တုပုံ )

မှတ်ချက်။ ။ ဆားပုလင်းနှင်းမောင် ရှမ်းပြည်နယ်မှ ယူဆောင်ခဲ့သော "ဖယောင်းနံ" ဟုခေါ်သည့် ယင်းအရုပ်ကလေးမှာ ယခုအခါ၌ မြောက်ဥက္ကလာပ၊ (၅)ရပ်ကွက်၊ အမှတ်(၅) ဟီးနိုးကားစခန်းအနီး ဇမ္ဗူအေးကျောင်းတိုက်ဝင်း၊ ဓမ္မမေဒိနီကျောင်း၊ ကျောင်းထိုင်ဆရာတော် ဦးဇာဂိန္ဒထံတွင် ရှိနေသည်ဟု သိရပါသည်။

စာရေး သူ

# မင်းသိခ်

## ကင်းဘဲလမ်းမှ ထူးဆန်းသော လူသတ်မှု ကြီး

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် လက်ဖက်ရည်ဆိုင်၌ စကားစမြည် ပြောရင်း လက်ဖက်ရည်သောက်လျက်နေကြစဉ် ရုံးမှ ပြာတာကလေး မောင်တင်ဝင်းသည် ကျွန်ုပ်တို့ရှိရာသို့လိုက်လာပြီးလျှင် ..

"စီအိုင်ဒီမှာ ဆရာ ကိုနှင်းမောင်မရှိရင် ဘာအမှု မှမရှိဘူး။ အေးလို့ ဆရာလည်းရောက်လာရော အမှု လည်း ပေါ်လာတော့တာပါပဲ ဆရာရယ်"

ဟု တကယ်ပင် အလုပ်များ နေသည့် အရာရှိကြီးတစ်ဦး၏ စတိုင်မျိုးဖြင့် နဖူးကိုလက်ဝါးဖြင့် ရိုက်ကာ ညည်းတွားလေ၏ ။ ကျွန်ုပ်တွေ့ဖူးသော ရုံးပြာတာများ မှာ များ သော အားဖြင့် ၎င်းတို့ရုံး အရာရှိကြီးများ သဖွယ် ဂိုက်ဖမ်းတတ်လေ၏ ။ ရုံးတွင် း၌ ပြဿနာများ ပေါ်သည့်အခါ၌ လည်း ဘတ်စ်ကား၊ ဓာတ်ရထားများ အပေါ်၌ အော်ကြီးဟစ်ကျယ်ဖြင့် "ရုံးမှာ ကလည်း ပြဿနာတွေ ချည်းပဲဗျာ" စသည်ဖြင့် ၎င်းတို့ကိုယ်တိုင် ပြဿနာများ ကို ဖြေရှင်းပေး၍ နေရသကဲ့သို့ ဟန်လုပ်တတ်ကြလေ၏ ။ ထို့ကြောင့် ရုံးပြာတာတို့၏ အကြောင်းကိုသိနေသော ကျွန်ုပ်တို့သည် ပြာတာတင်ဝင်းညည်းတွားသည်ကို သည်းခံ၍ နားထောင်နေရလေ၏ ။ ထိုအခါ၌ ပြာတာတင်ဝင်းက ဆက်၍ ပြောသည်မှာ ..

"ဗဟန်းဂါတ်က တယ်လီဖုန်းဆက်တယ် ဆရာကိုနှင်းမောင်တို့။ ကင်းဘဲလမ်း၊ ခြံအမှတ်( ) ကို လာခဲ့ကြပါတဲ့။ အဲဒီ မှာ လူသတ်မှု တစ်ခု ဖြစ်ပွားတယ်ဆိုပဲ"

ပြာတာတင်ဝင်း၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကိုနှင်းမောင်သည် ထိုင်ရာမှထ၍ ကျွန်ုပ်အား ..

"ကဲ.. အိုင်ပီ၊ ကျုပ်တို့ လိုက်သွားကြရအောင်ဗျာ"

ဟု ဆိုလေ၏ ။ ထို့ကြောင့် ကျွန်ုပ်သည် ကိုနှင်းမောင်အား လက်ဖက်ရည်ဆိုင်ရှေ့၌ စောင့်ခိုင်း၍ စီအိုင်ဒီဝင်းအတွင် းရှိ ကျွန်ုပ်၏ မော်တော် ကားကို

သွားရောက်ထုတ်ယူခဲ့လေတော့၏ ။

များ မကြာမီအချိန်၌ ကျွန်ုပ်တို့၏ ကားကလေးသည် ချာချီလမ်းဘက်မှနေ၍ ကင်းဘဲလမ်းဆီသို့ အကွေ့အကောက်ပေါင်းများ စွာ ကွေ့ပတ်၍ ကားကိုမောင်းသွားပြီး ရောက်ရှိလာကြလေ၏ ။ ကိုနှင်းမောင်သည် ခြံတစ်ခုရှေ့သို့ရောက်သော အခါ၌ ကျွန်ုပ်၏ လက်ကိုပုတ်လိုက်သဖြင့် ကျွန်ုပ်လည်း မော်တော် ကားဘရိတ်ကိုနင်းလိုက်ရလေ၏ ။

ကျွန်ုပ်တို့ ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ရာဇဝတ်အုပ်မောင်ဘထော်ဆိုသူသည် ခြံတွင် းမှ ပြေး၍ ထွက်လာပြီးလျှင် ကျွန်ုပ်အားဆလံပေးလေ၏ ။ ဆလံပေးပြီးနောက် ၎င်း မောင်ဘထော်က အ ဖြစ်အပျက်များ အား စီကာပတ်ကုံး အမှု အကြောင်း အစီအရင်ခံ၍ နေလေ၏ ။

“ဒီအမှု ကတော့ တော် တော် ကလေး ဆန်းတယ်ဆရာ။ ဆားပုလင်းနှင်းမောင်လည်းပါလာတော့ အတော် ပါပဲ”

ဟု ပြောလေ၏ ။

“ဘယ်ပုံဆန်းတာလဲ မောင်ဘထော်”

ဟု ကျွန်ုပ်ကမေးရာ ..

“ဆန်းပြီလား ဆရာရယ်။ လူသတ်မှု တိုင်းဟာ ကျွန်တော် တို့ပုလိပ်တွေ က တရားခံဘယ်သူလဲဆိုတာ ရှာရတာ ချည့်ပဲ။ အခုအမှု ကတော့ လူလေးယောက် က သူတို့ဟာ ဒီအမှု ရဲ့ တရားခံအစစ်ပါဆိုပြီး လက်ထိတ်ခတ်ဖို့ လက်တွေ ထိုးပေးနေကြတယ်ဆရာ”

“ဒါလည်း အတူတူပဲပေါ့ဗျာ။ ဘယ်သူ ဘယ်လောက်ပဲ သူ့ကိုယ်သူ တရားခံလို့ပြောသည် ဖြစ်စေ ကျုပ်တို့အလုပ်က တကယ့်တရားခံအစစ်မဟုတ်ဘဲ ဖမ်းလို့ဘယ် ဖြစ်ပါ့လဲ။ ဒီတော့ ကျုပ်တို့အလုပ်က တရားခံအစစ်ကို ရှာပေးဖို့ပဲ မဟုတ်လား မောင်ဘထော်”

“ဟုတ်ပါတယ်ဆရာ။ ခက်တာက လေးယောက် စလုံးက သေသူကို ဘယ်ပုံဘယ်နည်းလုပ်ကြံခဲ့တယ်ဆိုတာကို စနစ်တကျ ထွက်ဆိုနေကြလေတော့ ကျွန်တော်

ဖြင့် ဘယ်သူ တရားခံအစစ်ဆိုတာ မဝေခွဲတတ်တော့ပါဘူးခင်ဗျာ”

ရာဇဝတ်အုပ် မောင်ဘထော်သည် ၎င်း၏ အခက်အခဲကို ထုတ်ဖော်ပြောပြလေ၏ ။ အမှန်အားဖြင့် လည်း မောင်ဘထော်ပြောသည်မှာ ဟုတ်ပေ၏ ။ ကျွန်ုပ်တို့ ပုလိပ်များ ၊ စုံထောက်များ အနေဖြင့် တွေ့ကြုံဖူးသည်မှာ လက်သည်မပေါ်သော လူသတ်မှု များ အား လက်သည်တရားခံ အစစ်ကိုသာလျှင် အရအမိရှာဖွေရသော အမှု မျိုးသာလျှင် ဖြစ်ပေ သည်။ ယခုအမှု မှာ မူ မိမိကိုယ်မိမိ တရားခံပါဟု လူလေးယောက် က တစ်ပြိုင်နက်တည်း အဖမ်းခံနေကြသည်ဆိုခြင်းမှာ ကျွန်ုပ်တို့ တွေ့ကြုံဖူးသော အမှု မျိုး၌ မပါဝင်သေးသော အမှု မျိုးဟု ဆိုထိုက်ပေ၏ ။ ထို့ကြောင့် ကင်းဘဲလမ်းလူသတ်မှု အား ထူးဆန်းသော လူသတ်မှု ဟု ကျွန်ုပ်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်နှင့် ကိုနှင်းမောင်တို့သည် ကားပေါ်မှဆင်း၍ ခြံဝင်းအတွင်း သို့ ရောက်၍ လာခဲ့ကြလေ၏ ။ ခြံမှာ သရက်ပင်၊ မရမ်းပင်၊ သြဇာပင်၊ ပိန္နဲပင်တို့နှင့် ပြည့်နှက်လျက် အရိပ်အာဝါသကောင်းလှသော ခြံကြီး ဖြစ်လေ၏ ။ မြေမှာ လည်း သဲဆန်သော မြေမျိုး ဖြစ်ရာ အရိပ်အာဝါသကောင်းသော် လည်း အောက်ခြေရှင်းသည်ဟု ဆိုရပေမည် ။ ခြံတွင် းရှိအိမ်မှာ ခြံ၏ နောက်ပိုင်း၌ ကပ်၍ ဆောက်ထားသည် ဖြစ်၍ ကျယ်ဝန်း သော ခြံကြီးကို ဖြတ်ကျော်ပြီးမှသာလျှင် အိမ်ဆီသို့ ရောက်နိုင်လေ၏ ။

အိမ်ရှေ့၌ မူ တလင်းပြင်ကဲ့သို့ မြေသည် ပြောင်လက်လျက်ရှိလေ၏ ။ ထိုပြောင်လက်သော မြေပေါ်တွင် အသက်(၂၅)နှစ် ခန့်ရှိ လူငယ်တစ်ဦးမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၏ ။

လူငယ်၏ မျက်နှာသည် မျက်လုံးမျက်ဖန်ကောင်းခြင်း၊ မျက်နှာပေါက်ကျနခြင်း၊ နှာတံပေါ်ခြင်း စသည့် လူချောလူလှဆိုသူတို့၌ ရှိသင့်ရှိထိုက်သော လက္ခဏာများ ပါရှိလေ၏ ။ နဖူးပြင်ပေါ်၌ နက်မှော င်သော ဆံပင်တို့သည် ရစ်ခွေ၍ ကျလျက်ရှိ၏ ။ လူငယ်၏ မျက်နှာ၌ အခြားသော ထူးခြားချက်တစ်ရပ်မှာ ရုပ်သေးစင်၌ တွေ့ရသော ဝန်ကြီးရုပ်၏ နှုတ်ခမ်းမွှေးကဲ့သို့ ထူထဲသော နှုတ်ခမ်းမွှေးပင် ဖြစ်၏ ။

အသားရောင် မှာ ဝါဝင်းစိုပြေသကဲ့သို့ အသားမှာ လည်း နုညက်လေ၏ ။ ကျွန်ုပ်သည် ထိုသူ၏ အနီးသို့ ချဉ်းကပ်ကြည့်ရာ ၎င်း၏ အနီးမှ ညှိုးနွမ်းလျက်ရှိသော နှင်းဆီပန်းအဖြူရာလေးတစ်ပွင့်ကို ရရှိလေ၏ ။

တစ်ဖန် ကျွန်ုပ်သည် ပတ်ဝန်းကျင်သို့လေ့လာကြည့်ရာ လူတစ်ရပ်အမြင့်ခန့်တွင် ရှိသော သရက်ကိုင်းတစ်ခုမှာ တိတိရိရိပြတ်လျက် အကိုင်းသည် အောက်သို့ကျလျက်ရှိလေ၏ ။ တလင်းပြင်၌ လည်း ခြေရာများ ရှုတ်ယှက်ခတ်နေရုံမျှမက တလင်းပြင်၏ ဘေးရှိ မြက်ပင်အချို့သည် လဲ၍ နေသည်ကိုတွေ့ ရသဖြင့် လူနှစ် ယောက် အကြိတ်အနယ် သတ်ပုတ်ထားကြောင်း သိသာနိုင်ပေသည်။

ကျွန်ုပ်သည် သေဆုံးနေသူကိုကြည့်ရှုနေရာမှ ကိုနှင်းမောင်အားလှည့်၍ ကြည့်လိုက်ရာ ကိုနှင်းမောင်သည် ကျွန်ုပ်၏ နောက်တွင် မရှိတော့သည့်အ ဖြစ်ကို တွေ့ရလေ၏ ။ ကျွန်ုပ်လည်း မောင်ဘထော်ကိုထားခဲ့၍ အိမ်ဘက်ဆီသို့ လိုက်၍ သွားလေ၏ ။ အိမ်၏ အဝင်တံခါးမှနေ၍ ဧည့်ခန်းဆီသို့ကြည့်လိုက်ရာ ကိုနှင်းမောင်သည် ကြီးမားသော ကြိမ်ဖြင့် ပြုလုပ်ထားသည့် ကုလားထိုင်ကြီးတစ်လုံး၌ ဇိမ်ကျကျထိုင်ကာစီးကရက်သောက်ရင်း ဝတ္ထုစာအုပ်တစ်အုပ်အား စိတ်ဝင်စားဖွယ်ဖတ်ရှုနေသည်ကို အံ့သြဖွယ်ရာတွေ့မြင်ရလေ၏ ။

ကျွန်ုပ်လည်း ကိုနှင်းမောင်အား အနှောင့်အယှက်မပေးလိုသော ကြောင့် တံခါးကို အသာတွန်းကာ ခြေကိုဖွ၍ နင်းပြီးလျှင် အိမ်တွင်းသို့ဝင်ခဲ့လေ၏ ။ အိမ်တွင်းသို့ ရောက်သည့်အခါ၌ အိမ်ခန်းကို ကြည့်ရှုလိုက်ရာ ဧည့်ခန်းနံရံ၌ ဒူးလေး၊ မြှား၊ လှံ၊ ဒိုင်း၊ ဓားရှည်၊ ဓားမြှောင်အမျိုးမျိုးကို အလှချိတ်ဆွဲထားသည့်အပြင် အိမ်၏ မျက်နှာကျက်၌ ပြောင်ခေါင်း၊ ကျားခေါင်း၊ စိုင်ခေါင်း မှအစ တိရစ္ဆာန်တို့၏ ခေါင်းမျိုးစုံစွာ နေရာမလပ်အောင် ချိတ်ဆွဲ၍ ထားသည်ကို တွေ့ရလေ၏ ။

တစ်နေရာ၌ ပြင်သစ်ပြည်၊ အီဖယ်မျှော်စင်ကြီးကို နောက်ခံထားလျက် ဓာတ်ပုံရိုက်ကူးထားသော လူငယ်တစ်ဦး၏ ဓာတ်ပုံကို တွေ့ရသဖြင့် ၎င်းဓာတ်ပုံကို သေသေချာချာကြည့်ရှုလိုက်ရာ အိမ်ရှေ့၌ အသက်ပျောက်လျက်ရှိသော ထိုလူငယ်၏ ဓာတ်ပုံ ဖြစ်ကြောင်း သိရတော့၏ ။

အခြားတစ်နေရာ၌ "ခွပ်ကရီး" ဟုခေါ်သည့် ဂေါ်ရခါးမားကောက်ကိုတွေ့ရသဖြင့် ကြည့်မိရာ အရိုးပေါ်၌ "မောင်နှော" ဟူသော စာတမ်းကိုမီးဖြင့် ရေးထွင်းထားသည်ကိုတွေ့ရသဖြင့် ကိုနှင်းမောင်အား ကျွန်ုပ်က လှမ်း၍ ပြောတော့မည် အလုပ်၌ ..

"ဟုတ်ပါတယ်ဗျာ။ တစ်ပွဲစားဦးနှောပါပဲ။ သေချာပါတယ်"

ဟု ကိုနှင်းမောင်က ကျွန်ုပ်ကိုလှမ်း၍ ပြောလိုက်လေ၏ ။ ကျွန်ုပ်သည် ကျွန်ုပ်၏စိတ်အကြံအား ကြိုတင်သိရှိနေသော ကိုနှင်းမောင်အား အံ့သြစွာ လှမ်း၍ ကြည့်လိုက်မိတော့၏ ။

ကျွန်ုပ်သည် ကိုနှင်းမောင်အနီးသို့ မားကောက်ကိုပါ ယူလျက် သွားရောက်ခဲ့ရာ ကိုနှင်းမောင်က သောက်လက်စ စီးကရက်ကို ကြမ်းပြင်၌ ချ၍ နင်းချေပြီးလျှင် ပက်လက်ကုလားထိုင်မှထကာ ...

"ဒီလိုဗျ ..။ အမှု သွားအမှု လာ ကတော့ တော် တော်ကလေးစိတ်ဝင်စားဖို့ရှိတယ်။ ကျောက်စီမားမြှော င်ပိုင်ရှင် ကတော့ ဒီအမှု ရဲ့ဝင်ရိုးဖြစ်နေတယ်"

"တစ်ပွဲစားဦးနှောလားဗျာ"

"အစစ်ပဲဗျို့"

"ကျုပ်တို့ ပထမဆုံးလုပ်ရမယ့်အလုပ် ကတော့ ဒီအမှု ရဲ့ တရားခံအ ဖြစ်ဖမ်းပါဆိုပြီး လာပြောတဲ့လူတွေ ကို အရင် စစ်ဆေးရလိမ့်မယ် အိုင်ပီ"

ဟုဆို၍ ကိုနှင်းမောင်သည် အိမ်တွင်းသို့ အနည်းငယ်လှည့်ပတ်ကြည့်ရှုပြီးလျှင် အမှု နှင့် ပတ်သက်သူများ အား တွေ့ဆုံရန်အတွက် ဂါတ်တဲရှိရာသို့သွားရောက်ရန် ကျွန်ုပ်အားပြောဆိုသဖြင့် အလောင်းအားဆေးရုံကြီးသို့ပို့နိုင်ကြောင်း မောင်ဘထော်အားပြောလိုက်ပြီးလျှင် ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ဂါတ်တဲဆီသို့ မော်တော်

ကားဖြင့် ထွက်၍ လာခဲ့ကြလေ၏ ။